# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ၂၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၃–၁၁–၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) သူရဦးအေးမြင့်၊ ဝက်လက် မဲဆန္ဒနယ်၏ **နေပြည်တော်ရှိ အားကစားကွင်း/ ရုံ(Sports Complex) များအား မည်သို့ဆက်လက် အသုံးချသွားမည် နှင့် ကျောင်းသားအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပသွားရန် အစီအစဉ်ရှိ/ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကြည်သာ၊ ငွ မဲဆန္ဒနယ်၏ **ပြည်ထောင်စုအစိုးရအဖွဲ့ဆပ်ကော်မတီ (Cabinet Sub Committee / Delivery Unit) ၂၆ ခု၏ တာဝန်ဝတ္တရားများ၊ ကော်မတီအသီးသီးတွင် တာဝန်ယူမည့် ဥက္ကဋ္ဌများ၊ အဆိုပါ ဆပ်ကော်မတီများနှင့် ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီများ၏ ဆက်သွယ်မည့်စနစ်များကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ငွေဖြည့်ကတ် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသည့် ကုမ္ပဏီအရေအတွက်၊ ကုမ္ပဏီအမည်နှင့် ငွေဖြည့်ကတ်များ ဈေးကွက်တွင် ပြတ်လပ်မှုမရှိစေရန် မည်သို့ စီမံထားသည်တို့ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဘဏ်မှချေးယူသူအခြေအနေများအား ချေးငွေပမာဏ (သန်းဂဏန်း) လူအရိုးအစား၊ ချေးငွေပမာဏအရိုးအစားတို့အား သိရှိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးနယ်လ်ဆင်၊ ကျောက်မဲ မဲဆန္ဒနယ်၏ **အရပ်ဘက် အဖွဲ့အစည်းများပါဝင်သော အဖွဲ့ ဖွဲ့ပြီး မြန်မာ့သစ်များကို ဥပဒေနှင့်အညီ တင်ပို့/မပို့ကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးတင်ဋ္ဌေးအောင်၊ ရေစကြို မဲဆန္ဒနယ်၏ **ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ကြီးများအား ရေကြောင်းပြုပြင်ထိန်းသိမ်းရန် မည်သို့စီမံချက်ရေးဆွဲလုပ်ဆောင်နေသည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **“ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ယခင်အစိုးရအဆက်ဆက် ထုတ်ဝေခဲ့သော ငွေစက္ကူများ၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံအား အလေးထားဖော်ပြဂုဏ်ပြုထုတ်ဝေခဲ့ပါသည်။ ယခုထုတ်ဝေလျက် ငွေစက္ကူများတွင် တစ်ထောင်ကျပ်တန်အထိမှာ ခြင်္သေ့ပုံများဖော်ပြထားသည်ဖြစ်ရာ အဆိုပါ ခြင်္သေ့ပုံသည် နိုင်ငံရေးပါတီတစ်ခု၏ တံဆိပ်အမှတ်အသား ဖြစ်နေကြောင်း တွေ့ရှိနေရပါသည်။ သို့အတွက်နိုင်ငံရေး ပါတီတစ်ခု၏တံဆိပ်အမှတ်အသားအား နိုင်ငံတော်အဆင့် အမှတ်အသားနှင့် မတူသင့်ဟု ယူဆပါသည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးက ကြည်ညိုလေးစားပြီး ကမ္ဘာကပါ လေးစားခံရသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံများဖြင့် ငွေစက္ကူများ၏ တန်ဖိုးအသီးသီးတွင် ယခင်ခေတ်အဆက်ဆက်ကအတိုင်း ပြန်လည်အစားထိုး ထုတ်ဝေပေးရန် ဤလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့အားတိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက **" မြေမြင့်ရှင်းစွာစုဝေးခွင့်နှင့် မြေမြင့်ရှင်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၀။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ပေးပို့သော **"ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **" ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ယင်းပြင်ဆင်သည့်အဆိုအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၂။ **" ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၃။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက် ဆွေးနွေး အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။